ရက်စွဲ။ ။၂၀၁၂ခုနှစ် အောက်တိုဘာလ (၃၁) ရက်


KARENNI CIVIL SOCIETY NETWORK

Karenni Civil Societies Network

P.O. Box - 20, Mae Hong Son, 58000, Thailand

Phone: 08 1029 9570, 08 5721 3860, E-mail:kcsn2010@gmail.com


# ကရင်နီအခြေပြုလူမှုအသင်းအဖွဲ့များကွန်ယက်

# ၏

# မြန်မာအစိုးရ နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့အကြား (၆)လတာ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အပေါ် သုံးသပ်ချက်

Design by; Milaw

ပိုင်းဂန်း တိုက်တွန်းသွားကြရမည်။

■ ကေအဲန်ပီပီနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးထားသည့်အတိုင်း အမှတ်(၁၄)တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်းစီမံကိန်းကို ပြည်သူလူထု၏ဆန္ဒသဘောကိုပြန်လည်ခံယူပြီးမှသာ ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်သည်။ ထို့အတူ ရွာသစ်ရေကာတာစီမံကိန်းအပါအဝင် အခြားအကြီးစား စီမံကိန်းများကိုလည်း သဘောတူထားသည့်အတိုင်း လူထုကို လွတ်လပ်စွာ လေ့လာခွင့်နှင့် တည်ဆောက်မည်ဆိုပါက လူထုနှင့် တိုင်ပင်ညှိနှိုင်းပြီး သဘောတူညီချက်ရယူ ရမည်။

■ အကြီးစားစီမံကိန်းများကို အစိုးရနှင့် ကေအဲန်ပီပီအကြား သဘောတူညီထားသည့်အတိုင်း လူထုပါဝင်လာနိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် လုပ်နည်းလုပ်ဟန်များ ကျင့်သုံးရန်နှင့် ပြည်သူလူထုမှကောင်းစွာ ကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသား ပြည်သူများ လွတ်လပ်သော ဆန္ဒသဘောဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် လမ်းညွှန် FPIC (Free, Prior and Informed Consent)ကို ကျင့်သုံးပိုင်ခွင့်ပေးထားရမည်။

■ အစိုးရမှ စီမံကိန်းနှင့်ပါတ်သက်ပြီး ဝင်ရောက်လုပ်ကိုင်မည့် မည်သည့်အဖွဲ့အစည်းများ၊ စီးပွားရေးသမားများအား ပွင့်လင်းမြင်သာမှုရှိရန်၊ လူထုအားကြိုတင်အသိပေးရန်နှင့် တိုင်ပင်ညှိနှိုင်းရန် စသည့်အခြေခံ ဒီမိုကရေစီကျင့်စဉ်ကို စတင်လိုက်နာကျင့်သုံးခြင်းဖြင့် လက်ရှိပြုပြင် ပြောင်းလဲရေးကို လူထုမှ ပိုမိုယုံကြည်စိတ်ချမှုရှိလာမည်ဖြစ်သည်။

■ စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် မြန်မာပြည်တွင်း မြင်သာသည့် နိုင်ငံရေး ဖြေရှင်းချက်များနှင့် ဒုက္ခသည်များအတွက် ဘဝလုံခြုံရေးနှင့် ဘဝအာမခံချက်ရှိမှသာလျှင် ပြန်လည်နေရာချထားရေး လုပ်ငန်းများ ပြုလုပ်သင့်ကြောင်း မိမိတို့ ကရင်နီလူမှုအဖွဲ့အစည်းကွန်ယက်မှအကြံပြုတောင်းဆိုအပ်ပါသည်။





# အမှာစာ

မိမိတို့ ကရင်နီအခြေပြုလူမှုအသင်းအဖွဲ့များကွန်ယက်သည် ၂၀၀၉ခုနှစ်၊ ဇွန်လတွင် ထိုင်း-ကရင်နီ နယ်စပ်ရှိ ကရင်နီလူမှုအသင်းအဖွဲ့(၉)ဖွဲ့ ကိုယ်စားလှယ်များတို့မှ စတင်ဖွဲ့စည်းခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံ၊ နိုင်ငံရေးပြောင်းလဲမှုအခြေအနေဖြစ်သော မြန်မာပြည်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့အကြား ပြည်တွင်းအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် အမြဲစိတ်ဝင်တစား လေ့လာအကဲခတ်နေကြပါသည်။

အပစ်အခတ်ရပ်စဲရန် မတ်လ(၇)ရက်နေ့၊ ၂၀၁၂ခုနှစ်၌ တွေ့ဆုံဆွေးနွေးပွဲအပြီးလက်မှတ်ရေးထိုးပြီးနောက် ကတည်းက ကေအဲန်ပီပီမှစတင်၍ လူထုနှင့်တွေ့ဆုံဆွေးနွေးမှုများ ကြိုတင်ပြုလုပ်ခဲ့ကြရာ လူထုသဘောထားများ စုစည်းရရှိလာခဲ့သည်။ KNPP မှ တင်ပြဆွေးနွေးသော အချက်(၂၀)အပြင်၊ လူထုနှင့်တွေ့ဆုံဆွေးနွေးမှုများမှ သဘောထားများကို အခွင့်အခါပေးသလိုအစိုးရထံတင်ပြခဲ့ကြသည်။ ထိုအချက်(၂၀)ကို အခြေခံ၍ အစိုးရနှင့် ကေအဲန်ပီပီ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်(၁၄)ချက်ကို ဇွန်လ(၉)ရက်နေ့၊ ၂၀၁၂ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရရှိခဲ့ကြကာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၎င်းသဘောတူညီချက်များအပေါ် ကရင်နီအခြေပြုလူမှုအသင်းအဖွဲ့များကွန်ယက် ကိုယ်စားလှယ်များမှ လက်တွေ့အကောင်အထည်ဖော်မှုရှိမရှိကို ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့ကြရာ လက်တွေ့အားဖြင့် အကောင်အထည်ဖော်ခြင်း အားနည်းနေသည်ကို တွေ့ရှိရပါသည်၊

ထိုအားနည်းချက်ကို အများပြည်သူများအားလုံး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းပါဝင် ပါတ်သက်သူများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိထားသည့် သက်ဆိုင်သူတိုင်းရင်းသားအဖွဲ့အစည်းများနှင့် အစိုးရတာဝန်ရှိသူအားလုံး လက်ရှိမြန်မာနိုင်ငံ၊ ကရင်နီ(ကယားပြည်နယ်)အတွင်း အစိုးရနှင့် ကေအဲန်ပီပီအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိထားသော်လည်း လူထုအကြား ဖြစ်ပေါ်နေသည့် အမှန်တကယ်အခြေအနေမှန်များကို သိရှိရန်နှင့် တိုင်းရင်းသား နယ်မြေများနှင့် မြန်မာနိုင်ငံတခုလုံးအတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်သော ငြိမ်းချမ်းရေးဖြစ်ပေါ်လာရန်အတွက် နည်းလမ်းမှန်ကန်စွာ တွန်းအားပေးကူညီသွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤသုံးသပ်ချက်အစီရင်ခံစာကို ရေးသားထုတ်ပြန် ရခြင်းဖြစ်ပါသည်၊

ဤသုံးသပ်ချက်အစီရင်ခံစာဖြင့် သုံးသပ်တင်ပြထားချက်များသည် မြန်မာပြည်တွင်းငြိမ်းချမ်းရေးကို အပေါ်ယံသဘော မဟုတ်ဘဲ လက်တွေ့ကျကျ လူထုဆန္ဒနှင့်အညီ ဆောင်ရွက်သွားနိုင်ရန် အတွက်နှင့် စ အထောက်အကူပြုစေမည်ဟုလည်း မိမိတို့မှ မျှော်လင့်ပါသည်။

**ကရင်နီအခြေပြုလူမှုအသင်းအဖွဲ့များကွန်ယက်**

ကရင်နီအခြေပြုလူမှုအသင်းအအဖွဲ့များကွန်ယက် အနေဖြင့် လက်ရှိ မြန်မာအစိုးရ ဖေါ်ဆောင်နေသည့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို ဂမ်းမြောက်စွာ ကြိုဆိုကြောင်း ထုတ်ဖေါ်ခဲ့ပြီးဖြစ်သည့်အလျောက် လက်ရှိ (ကရင်နီ/ကယား)ပြည်နယ်အတွင်း အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ)အကြား ဆောင်ရွက်နေသော အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်ကို အမြဲစိတ်ဂင် တစားလေ့လာ အကဲခတ်နေကြပါသည်။

အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ကေအဲန်ပီပီ)အကြား ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များမှတဆင့် ပြဿနာများကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း အဖြေရှာခြင်းမှတဆင့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း လက်ခံထားကြပါသည်။ ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးသို့ ဦးတည်သည်နှင့် အညီ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များကို နှစ်ဖက်လုံးမှ အပြန် အလှန် လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ စသည့် အချက်များအပေါ်တွင် နှုတ်အားဖြင့်သာ မဟုတ်ဘဲ လက်တွေ့အားဖြင့် စတင်အကောင်အထည် ဖေါ်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

သမ္မတသိန်းစိန် အစိုးရတက်လာပြီး ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းတွင် ပြုပြင်ပြောင်းလဲ ရေးလိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုပြောင်းလဲမှုကို တိုင်းပြည်ငြိမ်းချမ်းရေး (Peace)၊ တည်ငြိမ်ရေး(Stability)နှင့်ဖွံ့ဖြိုးတိုးတက်ရေး (Development)စသည်တို့ကို အခြေခံ မှု(၃)ရပ်အဖြစ် လက်ခံကျင့်သုံးပြီး ထိုမှတစ်ဆင့် ထာဂရငြိမ်းချမ်းရေး တည်ဆောက်သွားမည့် အကြောင်း ပြောကြားသွားသည်ဟု မိမိတို့ နားလည်ပါသည်။

ရေရှည်တွင်တည်ငြိမ်မှုကို အာမခံပေးနိုင်မည့်အချက်အလက်၊ အထောက်အထားများမရရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော်လည်း ပြည်သူလူထုနှင့်အဖွဲ့အစည်းများအတွက် ရေရှည် အကျိုးဖြစ်ထွန်းမှု ရရှိနိုင်မည်မဟုတ်ကြောင်း သုံးသပ်မိပါသည်။ ဥပမာ-ကချင်ပြည်နယ်တွင် (၁၇)နှစ်တာ အပစ်အခတ်ရပ်စဲခဲ့စဉ် ကာလတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ခဲ့ကြပါသည်။ သို့သော် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ပြီး အချိန်ကာလအနည်းငယ်အတွင်းတွင် တံတား ပေါင်း(၂၅)ခု ပျက်စီးခဲ့ပြီး၊ စစ်ပြေးဒုက္ခသည် လူဦးရေ (၁၀၀၀၀၀)ကျော်နှင့် စာသင်ကျောင်းပေါင်း (၅၀)ကျော် ပိတ်ပစ်လိုက်ရပါသည်။ ယခု အဖြစ်အပျက်ကို လေ့လာခြင်းအားဖြင့် သာတူညီမျှမှုကို အာမခံပေးနိုင်မည့် နိုင်ငံရေးအဖြေ မရရှိခြင်းကြောင့် ဖွံ့ဖြိုးရေးဆောင်ရွက်သော်လည်း နောက်ဆုံး တွင် ပျက်စီးရခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။

လက်နက်ကိုင်လူမျိုးစုများနှင့် ပြည်သူလူထုတို့၏အနာဂါတ်ကို နိုင်ငံရေးအရ အာမခံချက်ရရှိ ထားရန် အောက်ပါအင်္ဂါရပ်များနှင့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက် ရန် လိုအပ်သည်ဟု တိုင်းရင်းသားများမှ ခံယူကြပါသည်။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမှု(၁၀)ချက်ကို ၎င်းတို့မှ တင်ပြထားကြပါသည်။

(၁) အချုပ်အခြာအာဏာ (Sovereign Power)

(၂) တန်းတူရေး (Equality)

(၃) ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination)

(၄) ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု (Federal Principles)





စစ်ပြေးဒုက္ခသည်များ၊ ရွှေ့ပြောင်း အလုပ်သမားများ၊ ပြည်တွင်း အခြေမဲ့ပြည်သူများ ပြည်တွင်း တွင် ပြန်လည်အခြေချနေထိုင်ရေးအတွက် စိတ်ချယုံကြည်ရသည့် ဘဂလုံခြုံရေး အာမခံချက်နှင့် စားဂတ်နေရေးအာမခံချက်များ ရှိအုံးမည်မဟုတ်ချေ။




ကရင်နီပြည် မော်ချီးဒေသမှ တပိုင်တနိုင် သတ္တုတူးဖော်သည့် မြင်ကွင်း တနေရာ

သို့ဖြစ်ပါသောကြောင့် မိမိတို့ ကရင်နီလူမှုအသင်းအဖွဲ့ကွန်ယက်မှ ပြည်သူလူထုအတွက် မိအေးနှစ်ခါမနာရလေအောင် ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်သော ငြိမ်းချမ်းရေး အမြန်ဆုံး ဖြစ်ပေါ်လာရန် အောက်ဖေါ်ပြပါ အကြံပြုတောင်းဆိုချက်များ တောင်းဆို အပ်ပါသည်။

■ ကချင်ပြည်နယ်ဖက်ထိုးစစ်ဆင်နေခြင်းကို ချက်ချက်ရပ်တန့်ပြီး တိုင်းရင်းသားအားလုံးနှင့် လူထုအားလုံးအကျိုးခံစားစေနိုင်သည့် တပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲ ရေးကို တိုင်းသိပြည်သိ ကျေညာပြီး အမြန်ဆုံးအကောင်အထည်ဖေါ်ရန် လိုအပ်သည်။

■ ကေအဲန်ပီပီနှင့်သဘောတူထားသည့် သဘောတူညီချက် (၁၄)ချက်အနက် သဘောတူညီချက် (၁၃)ဖြစ်သည့် "အပစ်အခတ်ရပ်စဲရန် သဘောတူညီလက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ အားလုံး ပါဂင်သော တနိုင်ငံလုံး အတိုင်းအတာဆောင်သည့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကို အမြန်ဆုံးကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်" ဆိုသည့် အချက်ကို အမြန်ဆုံးအကောင်အထည်ဖေါ်သွားရန်လိုအပ်ကြောင်း အလေးအနက်တိုက်တွန်း တောင်းဆို အပ်ပါသည်။

■ စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေး အမြန်ဖြစ်ပေါ်လာရန် နိုင်ငံတကာအစိုးရ၊ နိုင်ငံတကာလူမှု အဖွဲ့အစည်းများ၊ ပြည်တွင်းအတိုက်အခံပါတီများ၊ တိုင်းရင်းသားပါတီများ၊ အပစ်အခတ်ရပ်တိုင်း ရင်းသားအဖွဲ့များနှင့် တာဂန်သိ အစိုးရအရာရှိများမှ အစိုးရအား တိုင်းရင်းသားများနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုအမြန်ဆုံးပြုလုပ်ပြီးမှသာလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်

ထို့အပြင်သဘောတူညီချက်(၁၄)ဖြစ်သည့်"၂၀၁၂ခုနှစ်၊မတ်လ(၇)ရက်နေ့တွင်ပြည်နယ်အဆင့် လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများအတွက်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးသည့်သဘော တူညီမှုများ အတွက်လည်းကောင်း နှစ်ဖက်အဖွဲ့အစည်းက တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြောင်း သဘောတူသည်" ဟုပါရှိပါသည်။

ယခုလိုအစိုးရမှ မိမိကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအပေါ် မိမိ ကိုယ်တိုင်စောင့်ထိန်းလိုက်နာမှု မရှိခြင်းသည် မြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံတည်ဆောက်သွားမည် ဆိုသည့် ကြွေးကြော်ချက်အပေါ် လူထုမှ သံသယရှိလာစေနိုင်ပါသည်။

ထို့အပြင်လက်ရှိအစိုးရသည် ယခင်(၂၀၀၅)ခုနှစ် ကြက်ဆူစီမံကိန်းကဲ့သို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မှ အမိန့်ချမှတ်အကောင်အထည်ဖော်ခဲ့သည့်ပုံစံအတိုင်း ယခုရွာသစ်စီမံကိန်း အကောင် အထည်ဖော်မည့်ကိစ္စသည်လည်း နေပြည်တော်ဗဟိုရ်အစိုးရမှ တချက်လွှတ်အမိန့်ဖြင့် ဆုံး ဖြတ်ချက်ချ အကောင်အထည်ဖော်နေသည်။ ဒေသခံလူထုကို တိုင်ပင်ညှိနှိုင်းမှုမရှိသည်ကို မဆိုထားဘိ လက်ရှိကယားပြည်နယ်အစိုးရကိုပင်လျှင် ကြိုတင်တိုင်ပင်ညှိနှိုင်းမှု မရှိသည်ကို တွေ့မြင်ရပါသည်။

**<u>(၄)။ စစ်ပြေးဒုက္ခသည်ဘဝမှ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်း ဒုက္ခသည်ဘဝသို့</u>**

အထက်ဖော်ပြပါ သဘောတူညီချက် တစ်ချို့ကို ပြန်လည်ဆန်းစစ်မည်ဆိုပါက အစိုးရဖက်မှ သဘောတူညီချက်အပေါ် အလေးအနက်ထား လေးစားလိုက်နာဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ထိုလေးစားလိုက်နာမှု အားနည်းခြင်းမှတဆင့် အပစ်အခတ်ရပ်စဲရေးသည် တဖြေးဖြေးခြင်း နှစ်ဘက်ကြားယုံကြည်မှု အားပျော့လာနိုင်ပြီး ပြည်တွင်းစစ်မီး ပြန်လည်တောက် လောင်လာမည်ကို မိမိတို့ အထူးစိုးရိမ် နေကြပါသည်။

ထို့အပြင်ယခုလိုရရှိထားသည့် ထိလွယ်ရှလွယ် အပစ်အခတ်ရစဲရေး သဘောတူညီချက်ကို အသုံးချပြီး စီးပွားရေးနှင့် ဖွံ့ဖြိုးရေး မက်လုံးများဖြင့် သယံဇာတထုတ်ယူရောင်းချခြင်း၊ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သော ရေကာတာစီမံကိန်းများ၊ ဘိလပ်မြေစက်ရုံစီမံကိန်းများ၊ မိုင်းလုပ် ငန်းစီမံကိန်းများနှင့် သစ်လုပ်ငန်းစီမံကိန်းများ တိုးချဲ့လုပ်ဆောင်သွားခြင်းကြောင့် ဒေသခံလူထု များ၏ လုပ်ကိုင်စားသောက်မှုအခက်အခဲများ ပိုမိုတိုးပွားလာကာ စစ်ပြေးဒုက္ခသည် ဘဝမှ အကြီး စားဖွံ့ဖြိုးရေး ဒုက္ခသည်ဘဝသို့ ဖြစ်လာမည်ကို မြေကြီးလက်ပုပ်လွဲမည် မဟုတ်ချေ။

သာဓကတခုအဖြစ်ထောက်ပြမည်ဆိုပါက ရာစုနှစ်နှစ်စုနီးပါး ကယားပြည်နယ်အတွင်း တပိုင် တနိုင်တူးဖော်သည့် မော်ချီး မိုင်းလုပ်ငန်းကို အစိုးရနှင့်နိုင်ငံခြားကုမ္ပဏီတို့မှ လက်ရှိခေတ်မီ နည်းပညာဖြင့်တူးဖော်သွားရန် မြန်မာအစိုးရ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထိုက်မှ ထုတ် ဖော် ပြောကြားခဲ့သည်ဆိုသည့် သတင်းများယခုနှစ်ဩဂုတ်လတွင် ထွက်ပေါ်လာပါသည်။ ထိုသို့ တူးဖော်သွားမည်ဆိုပါက မော်ချီးဒေသအတွင်းရှိ လိုခါးလိုနှင့်အခြားကျေးရွာများ လုံးဝပြောင်းရွှေ့ နေထိုင်ရမည်ဖြစ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းကြောင့် ဒုက္ခသည်ဘဝသို့ရောက်ရှိသွားကြမည်ကို ဒေသခံများက ယခုကတည်းကပင် မိမိတို့၏စိုးရိမ်မှုများကို ထုတ်ဖော်လာနေကြပြီး ဖြစ်သည်။

ထိုအခြေအနေများကြောင့် ထိုင်းနိုင်ငံအတွင်း ဆယ်စုနှစ်(၂)ခုကျော် ခိုလှုံနေထိုင်လာခဲ့ကြသည့်





(၅) လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Minority Rights)
(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာတန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)
(၇) ပါတီစုံဒီမိုကရေစီ (Multi-Party Democracy System)
(၈) ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)
(၉) အရပ်ဖက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များ ထားရှိခြင်း။ (Civilian Supremacy)
(၁၀) ပြည်နယ်သစ် ထူထောင်ခြင်း (New State)




မြန်မာအစိုးရ ငြိမ်းချမ်းရေးကိုယ်စားလှယ် ဝန်ကြီး ဦးအောင်မင်းအဖွဲ့နှင့် ကေအဲန်ပီပီ အဖွဲ့တို့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြစဉ်။

**ထို့အတူ အနာဂါတ်ကို နိုင်ငံရေးအရ အာမခံချက်ရရှိထားရန် အောက်ပါလမ်းပြမြေပုံ အတိုင်း အဆိုပါ တိုင်းရင်းသားအဖွဲ့အစည်းများမှ သဘောတူ ချမှတ်သွားကြသည် -**

**တိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ် ( ၆ ) ချက်**

**(၁) တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးနှင့် လူငယ်ထုအပါအဝင် Civil Societies တို့တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး "နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာမူဘောင်" (Framework for Political Dialogue) တွင် ပါဝင်မည့်အချက်အလက်များကို သဘောတူ ချမှတ်ရန်။**

**(၂) ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့ အစည်းများ၏ စုစည်းထားသော ကိုယ်စားလှယ်များအကြားတွေ့ဆုံဆွေးနွေး၍ "တွေ့ဆုံ ဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue)**

**သဘောတူညီချက် ရရှိရန်၊ ထိုသို့ပြုလုပ်ရာတွင် -**

**(က) ဘက်နှစ်ဘက်မှ လက်ခံနိုင်သောနေရာတွင် ဆွေးနွေးရန်၊**

**(ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့ထားရှိရန်နှင့် သဘောတူညီချက်များကို အများပြည်သူ သိရှိအောင် လွတ်လပ်သောမီဒီယာများမှတဆင့် ပူးတွဲထုတ်ပြန်ရန်၊**

**(၃) ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအင်အားစုများ အကြား တွေ့ဆုံဆွေးနွေးပွဲမှ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက်ရရှိပြီးမှ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက်သော် လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်းညှိနှိုင်းသဘောထား ရယူသွားရန်၊**

**(၄) တနိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း များမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့်လူငယ်အဖွဲ့ အစည်းများအပါအဝင် Civil Societies အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော တိုင်းရင်းသားလူမျိုးစုံ ညီလာခံတခုကို ခေါ်ယူကျင်းပသွားရန်၊**

**(၅) တိုင်းရင်းသားအင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရလှုပ်ရှားနေကြသော နိုင်ငံရေးအင်အားစုများ၏ ကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားစုသုံးစုလုံးလက်ခံနိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စု ညီလာခံကြီးတရပ် ကျင်းပသွားရန်၊ ထိုညီလာခံကြီးမှ ချမှတ်သော သဘောတူညီချက်များကို "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord) အဖြစ် သဘောတူလက်မှတ်ရေးထိုးရန်၊**

**(၆) "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord) ကို အချိန်အတိအကျ သတ်မှတ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊**

**ကရင်နီအဝန်းအဝိုင်း (In the Karenni context):**

လူတိုင်းလူတိုင်းအတွက် သာတူညီမျှမှုကို အာမခံပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အဖြေမထွက်နိုင်သေးခင် ယုံကြည်စိတ် ချရသော အပစ်အခတ်ရပ်စဲရေးကို ကာလတစ်ခုထိ မိမိတို့ကျော်ဖြတ်ရဦးမည် ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲရေး အဆင့်တွင် KNPP သည်လည်း ပါဝင်ပြီးဖြစ်ပါသည်။ KCSN အဖွဲ့သည် လည်း အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ကို ဝမ်းမြောက်စွာ ကြိုဆိုကြောင်း ထုတ်ဖေါ်ခဲ့ပြီး ဖြစ်သည်။

သို့သော် ကရင်နီအဝန်းအဝိုင်း (Karenni context)တွင်ပင်လျှင် အပစ်အခတ်ရပ်စဲရေး အဆင့် တွင် ခိုင်မာမှုကို အားပျော့သွားစေသော လုပ်ဆောင်ချက်များ ရှိနေပါသည်။ ၄င်းတို့ တစ်ချို့မှာ -





ကန့်သတ်နယ်မြေများ တိုးချဲ့လာဖွယ်ရှိသည်။

အဆိုပါ လူထုစိုးရိမ်မှုများကို ကေအဲန်ပီပီမှ အစိုးရနှင့်အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေး ပွဲများတွင် တင်ပြတောင်းဆိုခဲ့ရာ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ သဘောတူညီချက် (၁၄)ချက် အနက် အောက်ပါအချက်အပေါ် သဘောတူညီလက်မှတ်ရေးထိုး ခဲ့ကြသည်၊

သဘောတူညီချက် (၆) အရ...

**"ကယားပြည်နယ်အတွင်း အကောင်အထည်ဖေါ်မည့် ရှာသစ်စီမံကိန်းအပါအဝင် အကြီးစား စီမံကိန်းများကို အများပြည်သူလူထု၊ လူမှုအသင်းအဖွဲ့များအား လေ့လာခွင့်ပြုရန်နှင့် ပွင့်လင်း မြင်သာမှုရှိရန်အတွက် အသိပေးသွားရန် သဘောတူခဲ့ကြသည်"** ဟုပါရှိပါသည်။

သို့သော် စက်တင်ဘာလ နောက်ဆုံးပါတ်၊ ၂၀၁၂ခုနှစ်၊ ရှာသစ်စီမံကိန်းသွားရောက်လေ့လာ မည့် ကရင်နီလူမှုအသင်းအဖွဲ့ကိုယ်စားလှယ်များအား ခွင့်မပြုခြင်းသည် အဆိုပါ သဘောတူညီ ထားသည့်အချက်ကို လိုက်နာခြင်းမရှိသည်ကို သက်သေပြနေသည်။

ယင်းကိစ္စနှင့်ပါတ်သက်ပြီး ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ(၂)ရက်နေ့၊ ရန်ကုန်မြို့ စီတီးစတား ဟိုတယ်တွင် အဆိုပါ ကရင်နီလူမှုအသင်းအဖွဲ့ကိုယ်စားလှယ်များ သတင်းစာရှင်းလင်းပွဲတခု ကျင်းပပြီး အစိုးရ၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အပေါ် လိုက်နာခြင်း မရှိသဖြင့် ငြိမ်းချမ်းရေးအတွက် ထိခိုက်လာနိုင်ကြောင်း ထောက်ပြဝေဘန်ခဲ့ကြသည်။




၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့ ရန်ကုန်မြို့၊ စီတီးစတားဟိုတယ် တွင် ပြုလုပ်သော KCSN အဖွဲ့ရဲ့ သတင်းစာ ရှင်းလင်းပွဲ

**၃) ရွာသစ်ရေကာတာစီမံကိန်းအပါအဝင် အခြားအကြီးစားစီမံကိန်းများ သဘောတူသည့် အတိုင်း လေ့လာခွင့် တားမြစ်ခံရခြင်း**

၂၀၁၀ ခုနှစ် အစောပိုင်းကတည်းတွင်ပင် မြန်မာအစိုးရနှင့်တရုတ်အစိုးရပိုင် ကုမ္ပဏီတို့သည် ကရင်နီပြည်အတွင်း ရေကာတာစီမံကိန်း(၃)ခု တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုး ခဲ့ကြသည်။
ထိုစီမံကိန်းများမှာ -
(၁)။ သံလွင်မြစ်(ရွာသစ်) ၆၀၀ မီဂါဝပ်၊
(၂)။ ပွန်ချောင်း(စောလုံ၊ဟော်ခမ်း) ၁၃၀ မီဂါဝပ်
(၃)။တစ်ဘက်ချောင်း (ရှမ်း-ကရင်နီ)နယ်စပ် ၁၁၀ မီဂါဝပ် တို့ဖြစ်သည်။

ကရင်နီပြည်သူလူထုအနေဖြင့် လောပီတရေအားလျှပ်စစ်စက်ရုံ စီမံကိန်းအတွေ့အကြုံအရ ဒေသခံလူထုရွှေ့ပြောင်းရခြင်း၊ လယ်ယာများ/မြေယာ/ခြံမြေများ ဆုံးရှုံးခြင်း၊ မြေမြှုပ်မိုင်းများမှ တိရိစ္ဆာန်များနှင့်ဒေသခံလူထုထိခိုက်သေဆုံးရခြင်း၊ ကန့်သတ်နယ်မြေများ၊ လုပ်အားပေးရခြင်း နှင့်ရရှိလာသော လျှပ်စစ်မီးများမှ ပြည်နယ်တွင်း ဖြန့်ဖြူးမှုနည်းခြင်းတို့ကို ရင်ဆိုင်ခံစားခဲ့ရ၊ ခံစား နေရဆဲဖြစ်သည့်အတွက် နောက်ထပ်အလားတူ စီမံကိန်းမျိုးကို မိမိတို့မှလုံးဝမလိုလားတော့ချေ။

ထို့အပြင် လူထုနှင့် ညှိနှိုင်းတိုင်ပင်မှုမရှိဘဲ အကြီးစားစီမံကိန်းများ၊ ရေကာတာများဆက်လက် တည်ဆောက်သွားပါက စီမံကိန်းများကြောင့် လူထုများရွှေ့ပြောင်းနေထိုင်ခိုင်းခြင်း၊ ဒေသခံလူထု များ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများ ဆုံးရှုံးမှုကြောင့် စားဝတ်နေရေးအတွက် အခက်ခဲများနှင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး ဘိုးဘွားပိုင်ရေ၊ မြေ၊ သဘာဝ သယံဇာတ၊ သဘာဝ သစ်တောများ ရာသက်ပါ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်မည် ဖြစ်သည်။ နောင်တွင် စစ်ပြေးဒုက္ခသည်မရှိတော့လည်း စီမံကိန်းကြောင့် ဒုက္ခသည်များ အစားထိုးပေါ်ပေါက်လာစရာ အကြောင်းရှိသည်။ ထို့အပြင် စီမံကိန်းအကောင်အထည်ဖော်ရန်အတွက်နှင့် စက်ရုံအလုပ်ရုံ အတွက် လုံခြုံရေးအကြောင်းပြုပြီး တပ်စခန်းများကိုချထားခြင်း၊ မြေမြှုပ်မိုင်းချထားခြင်းနှင့်




ကရင်နီပြည် သံလွင်မြစ်ပေါ် အစိုးရမှ စီမံဆောင်ရွက်နေသည့် ရေကာတာ မြင်ကွင်း တနေရာ





**၁)။ စစ်ရေးစစ်ရာသဘောတူညီမှုအခြေအနေနှင့် စစ်ရေးအရထိုးနက်မှု**

အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် KNPP ဘက်မှ တောင်းဆိုဆွေးနွေးချက်ဖြစ်သော အရေး မပါသည့် အစိုးရတပ်စခန်းငယ်တချို့ ရုပ်သိမ်းပေးရေးအပါအဝင် တပ်ပိုင်းဆိုင်ရာကိစ္စနှင့် ပါတ် သက်ပြီး တိတိကျကျ သဘောတူညီချက် တစ်စုံတစ်ရာမရရှိကြသေးသော်လည်း ဆက်လက်ဆွေး နွေးသွားကြရန် သဘောတူထားခဲ့ပြီး ဖြစ်ပါသည်။

ဆွေးနွေးပွဲထဲတွင်နှုတ်အားဖြင့်သဘောတူခဲ့ကြသည့် သွားလာရေးကိစ္စအချို့လည်း ရှိပါသည်။ ၄င်းတို့မှာ KNPP တပ်ဖွဲ့များသည် အခြေချလှုပ်ရှားနေမြဲနေရာဒေသတွင် ရှိနေမည်ဖြစ်ပြီး အစိုးရတပ်ဖွဲ့တို့သည် တပ်စခန်းတစ်ခုမှတစ်ခုသို့ လမ်းကြောင်း အတိုင်းသာ အသုံးပြုရန်နှင့် လိုအပ်သည့် လမ်းကြောင်းပြင်ပသို့ သွားလာအသုံးပြုရန် လိုအပ်သော် တစ်ဘက်နှင့်တစ်ဘက် အကြောင်းကြားရမည်ဟု... စသည်တို့ သဘောထား ရှိခဲ့ကြပါသည်။

သို့သော် ၂၀၁၂ခုနှစ်၊ ဖွန်လ (၉)ရက်နေ့ ဒုတိယအကြိမ် ဦးအောင်မင်း ငြိမ်းချမ်းရေးအဖွဲ့နှင့် ကေအဲန်ပီပီ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီး သည့်နောက် ဖွန်လ(၂၇)ရက်နေ့တွင် ကေအဲန်ပီပီ ထိန်းချုပ်နယ်မြေထဲ ကြိုတင်အကြောင်းကြား ခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်းကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ရသည့်အဆင့် ဖြစ်ခဲ့သည်။ ကေအဲန်ပီပီကို မလေးမခတ်ပြုခြင်း၊ မထိတထိရန်စခြင်း သို့မဟုတ် သွေးတိုးစမ်းခြင်းလည်းဖြစ် ကောင်း ဖြစ်နိုင်ပါသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို နှစ်ဦးနှစ်ဖက်ထိန်းသိမ်းရာတွင် နှစ်ဖက်မှ စိတ် ရှည်သီးခံပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် အကောင်းဆုံးအဆင့် ကြိုးပမ်းလုပ်ဆောင်နေကြသည့် အချက်အချို့ရှိသည်ကိုလည်း မြင်တွေ့ရသော်လည်း အထက်ပါအလားတူ အဖြစ်အပျက်မျိုး ထပ်မံဖြစ်ပွါးလာပါက နှစ်ဦးနှစ်ဖက်အကြား မလိုလားအပ်သော နောက်ဆက်တွဲ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည့် အနေအထားများမှတဆင့် အပစ်အခတ်ရပ်စဲခြင်းကို ထိခိုက်လာနိုင်ကြောင်း သုံးသပ်ပါသည်။

**၂)။ လူထုတောင်းဆိုသံကို နားမထောင်ဘဲ အမှတ်(၁၄)တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်း ဆက်လက်တည်ဆောက်ခြင်း**

အမှတ်(၁၄)တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်းကို ၂၀၁၁ ခုနှစ်တွင်စတင်တိုင်းတာပြီး၊ လူထုလုပ် ကိုင်စားသောက်နေသော ခြံမြေများ၊ မြေယာများ ဧကပေါင်း ၂၇၀၀ - ၃၂၀၀ ဧကကို သိမ်းဆည်း ထားပါသည်။ ထိုစစ်လေ့ကျင့်ရေးကျောင်းကိစ္စနှင့် ပါတ်သက်၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။ အစိုးရနှင့်ကေအဲန်ပီပီအကြား ပြည်ထောင်စုအဆင့် သဘောတူ လက်မှတ်ရေးထိုးထားသည့် အချက် (၁၄)ချက်မှ သဘောတူညီချက် (၄)အရ -

**ကယားပြည်နယ်အတွင်း လေ့ကျင့်ရေးကျောင်း တည်ဆောက်နေခြင်းနှင့် ပါတ်သက်ပြီး ပြည်သူလူထု၏ဆန္ဒသဘောကို လေ့လာသုံးသပ်နိုင်ရန်အတွက် ကယားပြည်နယ် အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် လေ့လာသုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ထိုလေ့လာသုံးသပ်ရေးအဖွဲ့မှ အစီရင် ခံစာကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့ နောက်ဆုံးထားပြီး နိုင်ငံတော် သမ္မတထံ တင်ပြရန် သဘောတူ ခဲ့ကြပါသည်။**

သို့သော် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ချက်များအပေါ် ထွက်ရှိလာသည့်ရလဒ်သည် အစိုးရအနေဖြင့် ထိုလေ့လာရေးအဖွဲ့အတွင်း ပြည်နယ်အစိုးရ၏ အစိုးရအဖွဲ့ ဝန်ထမ်းများ ထည့်သွင်းပြီး သမ္မတထံ တင်သွင်းရန် အစီရင်ခံစာသည် ထိုစီမံကိန်း ဆက်လက်ဆောင်ရွက်ရန်သာ ဖောင်းပေးပြီး အားပေးရေးသားသည့် အစီရင်ခံစာဖြစ်သည်။ လေ့လာရေးအဖွဲ့ထဲတွင်ပါဝင်သော KNPP မှ အဖွဲ့သားအချို့၏ ပြောပြချက်အရ စီမံကိန်းဒေသသို့ရောက်ရှိသည့်အခါ ဓါတ်ပုံရိုက်ခွင့်မရကြောင်း ပြောပါသည်။ အဆိုပါ စီမံကိန်းကို လက်ရှိအခြေအနေအထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို ကြည့်ခြင်းအားဖြင့် သဘောတူညီချက်အရ "လူထု၏ဆန္ဒသဘောထား" ဆိုသည်မှာ လုံးဝမပါသည့်အတွက် ချုပ်ဆိုထားသည့် သဘောတူညီချက်သည် စာရွက်ပေါ်တွင်သာ ရှိနေကြောင်း သုံးသပ်ရပါသည်။



မြန်မာအစိုးရ၊ တပ်မတော်မှ အမှတ်(၁၄) တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်း တည်ဆောက်နေခြင်း တွေ့ရစဉ်

ထိုစီမံကိန်းကို ကန့်ကွက်သည့်အနေဖြင့် ဒေသခံရွာသားများ စုပေါင်းလက်မှတ်ရေးထိုးသည့် စီမံကိန်း ရုပ်သိမ်းရန်အတွက် တောင်းဆိုစာများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ကြသော်လည်း ဒီမိုကရေစီနိုင်ငံထူထောင်ပါသည်ဆိုသည့် ခေါင်းဆောင်များထံမှ လုံးဝတုန့်ပြန်ချက် အဖြေတစုံတရာမရှိသည်ကို ဝမ်းနည်းစွာခံစား နေကြရပါသည်။ အားကိုးရာမဲ့ဖြစ်နေသည့် ဒေသခံပြည်သူများသည် နောက်ဆုံး"ပတ်စဉ်ဆုတောင်းပွဲများ" ကျင်းပလာကြကာ မိမိတို့၏ဆန္ဒများကို ဆက်လက်ဖော်ထုတ်လာကြသည်။

ထို့အပြင် စီမံကိန်းနေရာသို့ စစ်သုံးအမြောက်ကားများနှင့် စစ်တပ်အဆောက်အအုံကြီးများ ဆက်လက်တည်ဆောက်ခြင်း၊ ကားလမ်းများဆက်လက် ဖေါက်လုပ်ခြင်းသည် လူထုတောင်းဆိုသံကို လုံးဝလစ်လျူရှုထားသည့်စစ်တပ်သာဖြစ်ပြီး "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ထက် "တပ်မတော်သာအမိ၊ တပ်မတော်သာအဖ" ဆိုသည့်စိတ်ဓါတ်နှင့်လမ်းစဉ်ကို ဆက်လက်ကျင့်သုံးနေကြသေးသည်ကိုတွေ့ရှိ နေရသေးသည်။

တဖက်တွင် လူထု၏တောင်းဆိုသံကို လျစ်လျူရှုထားပြီး ကျန်တဖက်တွင် လူထုဆန့်ကျင်မှုကို ရှောင်လွှဲလိုသည့်သဘောဖြင့် လူသားချင်းအကူအညီအသုံးချခြင်းဖြင့် ဒေသခံလူထုများကို လိုက်လံကူညီပေးနေသည်ကိုလည်း တွေ့မြင်ရပါသည်။ သာဓကအနေဖြင့် ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့ မာခရော်ရှေ့ကျေးရွာ၊ ဖရူဆိုမြို့အပါအဝင် ကယားပြည်နယ်








တပ်သိမ်းမြေယာပြန်ရဖို့အတွက်ကို မာဖရိုရှေ့ကျေးရွာ ကက်သလစ်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းနေကြစဉ်

တခုလုံးကို စစ်တပ်မှ မလုပ်ဆောင်ခဲ့ဘူးသည့် အခမဲ့ဆေးကုသမှုများ လိုက်လံဆောင်ရွက်ခြင်း၊ အစားအသောက်များဖြစ်သည့် ဆန်၊ခေါက်ဆွဲ၊ချိုချဉ်၊ ရမ်အရက်များနှင့် လူသုံးပစ္စည်းများဖြစ်သည့် ပဆိုး၊စောင်ပါး၊အိုးခွက်ပန်းကန်များကူညီပေးခြင်းဖြင့် လူထုကိုတဖက်လှည့်ပြန်လည်စည်းရုံးသိမ်းသွင်းနေကြသည်ကို တွေ့ရှိရပါသည်။ ၎င်းလုပ်ငန်းများသည် ပြည်နယ်အစိုးရနှင့် KNPP တို့မှ ပူးတွဲလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည်ဟု သုံးသပ်မိပါသည်။




မြန်မာအစိုးရ၊ တပ်မတော်မှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ကရင်နီပြည် ပြည်သူလူထုများအား ဤသို့တဖက်လှည့် ပြန်လည် စည်းရုံးသိမ်းသွင်းနေစဉ်